စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်

ဝက်လက်မြို့နယ်

စိုင်နိုင်ကြီးကျေးရွာအုပ်စု၊ စိုင်နိုင်ကြီးကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စိုင်နိုင်ကြီးကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၉ခု ၊ ဇွန်လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၁

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၁

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၁-၂

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၂

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ၂

(င) ပညာရေး ၃

(စ) ကျန်းမာရေး ၃

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၃

(ဇ) ကျား-မ ရေးရာ ၃

(ဈ) လူငယ်ဖွံ့ဖြိုးရေး ၃

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၄-၅

နောက်ဆက်တွဲ(၁) - စိုင်နိုင်ကြီးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၆

နောက်ဆက်တွဲ(၂) - စိုင်နိုင်ကြီးကျေးရွာ ဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၇-၃၈

၁။ တည်နေရာနှင့် ပထဝီအနေအထား

စိုင်နိုင်ကြီးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး-ရွှေဘိုကားလမ်းမကြီး အနောက်ဘက်တွင် တည်ရှိပြီး ဝက်လက်မြို့မှ (၁၅)မိုင်ကွာဝေးပါသည်။ အကျယ်အဝန်းအားဖြင့် (၅၀)ဧကခန့် ကျယ်ဝန်းပါသည်။ ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်စိုက်ခင်းများ ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျီး၊ ဇီး၊ ကုက္ကို၊ ထနောင်းနှင့် ကန္တာရအပင်များ ပေါက်ရောက်ပါသည်။ မိုးစပါး၊ နွေစပါး သီးထပ်စိုက်ပျိုးနိုင်သော လယ်မြေ(၂၉၉၆)ဧကရှိပါသည်။ လယ်မြေများမှာ သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်းရှိသဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိပါသည်။ သဘာဝ ဆေးဘက်ဝင်အပင်များအနေဖြင့် ကျောက်ကွဲ၊ မြင်းခွာ၊ ဆင်တုံးမန္တယ်နှင့် ဆင်နာမောင်းပင်များ ပေါက်ရောက်ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

စိုင်နိုင်ကြီးကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအားဖြင့် ရွာမိရွာဖအဖွဲ့၊ ဂေါပက၊ ကျေးရွာမီးလင်းရေးကော်မတီ၊ လမ်းကော်မတီ၊ ကျောင်းကော်မတီ၊ လူမှုရေးအဖွဲ့၊ မီးသတ်အဖွဲ့ဟူ၍ ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများတွင် အဖွဲ့အစည်းအားလုံးပူးပေါင်း၍ ကျေးရွာသူ/သားများနှင့် အတူ ဆောင်ရွက်ကြပါသည်။ လမ်းကော်မတီမှ ဦးဆောင်ပြီး ကျေးရွာတောင်သူများ၏ ထည့်ဝင်ငွေများဖြင့် လမ်းပြုပြင်ခြင်းများ ဆောင်ရွက်ကြပါသည်။

ယခင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်စီမံချက်ချမှတ်၍ ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သော် လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်း သင်တန်း တက်ရောက်ပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးကို ရေရှည်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဖွဲ့စည်းခဲ့ပြီး ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

စိုင်နိုင်ကြီးကျေးရွာတွင် အိမ်ထောင်စု(၇၅၀)စုရှိပြီး ကျား(၁၂၃၈)ဦး၊ မ(၁၄၅၁)ဦး၊ စုစုပေါင်း(၂၆၈၉) ဦးဖြစ်ရာ တစ်အိမ်ထောင်စုလူဦးရေပျမ်းမျှ (၄)ဦးခန့်ရှိပါသည်။ သို့ပါ၍ ကျေးရွာ၏ လူဦးရေမှာ တစ်အိမ်ထောင်လျှင် (၅)ဦးအောက်ဖြစ်သဖြင့် တစ်နိုင်ငံလုံးပျမ်းမျှလူဦးရေနှင့် ယှဉ်လျှင် အရင်းမြစ် နည်းနေပါသည်။ သို့ရာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ(၂၁၀၀)ဦးရှိသဖြင့် လူလတ်ပိုင်းများသည်ကို တွေ့ရပါသည်။

စိုင်နိုင်ကြီးကျေးရွာတွင် တောင်သူဦးရေများပြားပြီး ကျပန်းလုပ်ကိုင်သူများ ရှိပါသည်။ အိမ်ထောင်စု(၇၅၀)စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ပြီး အိမ်ထောင်စု(၃၅၀)သည် လယ်မြေပိုင်ဆိုင်ကြသည်။ အဓိကဝင်ငွေရလုပ်ငန်းအဖြစ် တောင်သူလုပ်ကိုင်ကြပြီး ကျပန်းလုပ်ကိုင်သူ(၂၀)အိမ်ထောင်စုရှိပါသည်။ စိုက်ပျိုးရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စက်ချုပ်နှင့် ဈေးရောင်းဝယ်ရေးလုပ်ငန်း

ကိုလည်း တွဲဖက်လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင် သူများသည် ပျိုးနုတ်၊ ကောက်စိုက် လုပ်ကိုင်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်း စိုက်ဧက(၂၉၉၆)ဧက ရှိပါသည်။ မိုးစပါးအနေဖြင့် ရွှေဘိုပေါ်ဆန်း(ဘေးကြား)ကို သြဂုတ်လမှ ဧန်နဝါရီလ အတွင်း စိုက်ပျိုးကြပါသည်။ တစ်ဧကပျမ်းမျှ(၆၅)တင်းခန့်ထွက်ရှိ၍ အမြတ်ငွေရရှိမှုမှာ သင့်တင့်ပါသည်။ ကျေးရွာရှိလယ်မြေများသည် ဆည်ရေသောက်ဧရိယာတွင်ရှိသဖြင့် နွေ၊ မိုး၊ ဆောင်း ရေလုံလောက်စွာ ရရှိနိုင်သည့် အခွင့်အလမ်းကောင်း ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများတွင် ပုဂ္ဂလိကပိုင် ထွန်စက်(၄)စီး၊ လယ်တွန်းထွန်စက်(၃၀၀)စီး၊ ခြွေလှေ့စက်(၂)စီး ပိုင်ဆိုင်ကြပြီး ကျန်လယ်သမားများသည် ငှားရမ်းအသုံးပြုကြပါသည်။ လယ်သမားများသည် မိရိုးဖလာ စိုက်ပျိုးရေး နည်းစနစ်များဖြင့် စိုက်ပျိုးနေခြင်း၊ ဓါတ်မြေဩဇာသုံးစွဲမှုမမှန်ကန်ခြင်းနှင့် ပိုးမွှားကာကွယ်ရေး စိုက်ပျိုးရေး နည်းပညာများ အားနည်းခြင်းတို့ကြောင့် သီးနှံများပိုးမွှားကျရောက်ကာ မြေဆီလွှာများ ပျက်စီးမှုဖြစ်ပွား ရပါသည်။ မိုးစပါး၊ နွေစပါး၊ သီးထပ်စိုက်ပျိုးခြင်းကြောင့်လည်း မြေဆီလွှာများ အရည်အသွေး ကျဆင်းလာသည်ကို တွေ့ရပါသည်။ သို့ပါ၍ သီးနှံပိုးမွှားရောဂါအသိပညာပေးခြင်း၊ မြေဆီမြေဩဇာ ပြန်လည်ပြုပြင်ခြင်းသင်တန်း ဖွင့်လှစ်ပေးခြင်းများရရှိပါက သီးနှံအထွက်နှုန်းများ ပိုမိုမြင့်မားလာ မည်ဖြစ်ပါသည်။

မွေးမြူရေးတွင် ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြပါသည်။ ငါးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုမရှိပါ။ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စု(၂၀)ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

စိုင်နိုင်ကြီးကျေးရွာသည် ဝက်လက်မြို့နယ်(၁၅)မိုင်အကွာတွင်ရှိပြီး ရွှေဘို-မန္တလေးကားလမ်းအနောက်ဘက်တွင်တည်ရှိပါသည်။ကျေးရွာအလယ်တွင် ကျေးလက်ဆေးပေးခန်း၊ တောင်ဘက်တွင် စာသင်ကျောင်း၊ အနောက်ဘက်လက်တံတူးမြောင်းရှိကာ ထိုတူးမြောင်းမှ စိုက်ပျိုးရေးကို လုံလောက်စွာ ရရှိပါသည်။

ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ရသဖြင့် ရွာတွင်းလမ်းအား ပြုပြင်ပေးရန် လိုအပ်ပါသည်။ သို့ပါ၍ ရွာတွင်းလမ်းအား လမ်းမြေချဲ့ထွင်ပြီး ဖြောင့်ဖြူးစွာခင်းပေးရန် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြထားပါသည်။

ကျေးရွာတွင် အလယ်တန်းကျောင်း(၁)ရှိပြီး အဆောက်အဦအနေဖြင့် တစ်ထပ်ကျောင်းဆောင်(၄)လုံးရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာသောက်သုံးရေရရှိမှုတွင် ကိုယ်ပိုင်အားဖြင့် ရေတွင်း(၅)တွင်း၊အဝီစိတုံကင်(၄၀၀)တွင်း၊ အဝီစိတွင်းစက်တပ်(၅၀)တွင်း ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ နီးစပ်ရာ ရေတွင်းများတွင် တွဲဘက်အသုံးပြုကြခြင်းဖြင့် သောက်သုံးရေ လုံလောက်စွာရရှိပါသည်။ သောက်သုံးရေ အရည်အသွေး စမ်းသပ်ထားခြင်းမရှိပါ။

စိုင်နိုင်ကြီးကျေးရွာသည် လျှပ်စစ်မီးရရှိမှုအခြေအနေမှာ မဟာဓါတ်အားလိုင်းမှ မီးသုံးစွဲသူ အိမ်ထောင်စု(၅၀၀)၊ ဆိုလာစနစ်သုံးစွဲမှု အိမ်ထောင်စု(၅)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ လျှပ်စစ်မီးအသုံးမပြုနိုင်သေးပါ။

ဆက်သွယ်ရေးအပိုင်းမှာ မိုဘိုင်းဖုန်းအသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း(၄၅၀)လုံး၊ ရေဒီယို(၁၅)၊ တီဗွီ(၅၀၀)၊ ဂြိုလ်တုစလောင်း(၅၀)ရှိပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ သတင်းနှင့်အချက်အလက် များကို ရေဒီယို၊ တီဗွီနှင့်ဂြိုလ်တုစလောင်းမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

စိုင်နိုင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေကို လယ်(၁)ဧကလျှင် (၁၅၀၀၀၀/-)ဖြင့် (၁၀)ဧကအထိ ချေးယူရရှိနိုင်ပါသည်။ ကျေးရွာတွင် သမဝါယမချေးငွေများလည်း ရရှိပါသည်။

(င) ပညာရေး

စိုင်နိုင်ကြီးကျေးရွာတွင် အလယ်တန်းကျောင်းဖြစ်ပြီး တစ်ထပ်ကျောင်းဆောင်(၄)ဆောင် ရှိပါသည်။ ကျောင်းဝန်းဧရိယာမှာ(၅)ဧက ကျယ်ဝန်းသည်။ အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှုအနေဖြင့် တောင်သူအတတ်ပညာကိုသာ အများအားဖြင့် တတ်မြောက်ကြပြီး လူငယ်များအတွက် အခြားအသက်မွေးဝမ်းကျောင်းပညာများ လိုအပ်မှုရှိနေပါသေးသည်။

(စ) ကျန်းမာရေး

စိုင်နိုင်ကြီးကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ ကျေးရွာရှိဆေးပေးခန်းမှ ကလေး သူငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား တစ်လလျှင်တစ်ကြိမ် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် အားဆေးတိုက်ကျွေးခြင်းများလည်း ရှိပါသည်။ အာဟာရအနေဖြင့် ဆိုးရွားသော အခြေအနေ မကြုံတွေ့ရပါ။ သွေးတိုးရောဂါအနည်းငယ်သာ ဖြစ်ပွားပြီး အခြားရောဂါဖြစ်ပွားမှု အလွန်နည်းပါးပါသည်။

ကျေးရွာတွင် ရွာဦးကျောင်းဆရာတော်၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးကို မကြာခဏ ဆောင်ရွက်လေ့ရှိပါသည်။ ယင်လုံအိမ်သာ ကိုယ်ပိုင်သုံးစွဲသည့် အိမ်ထောင်စု (၅၀၂)စုရှိပါသည်။ ကျန် အိမ်ထောင်စုများမှာ နီးစပ်ရာ ဆွေမျိုးမိတ်ဆွေများထံတွင် ပေါင်းစပ်အသုံးပြုကြပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုင်နိုင်ကြီးကျေးရွာ၏ ဘေးပတ်လည်တွင် လယ်မြေများရှိပါသည်။ မြေဆီလွှာများမှာ မူလအသင့် အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်း၊ ပိုးမွှားကာကွယ်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲမှုနည်းပညာများ အားနည်းခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် ဆိုးရွားသည့် သဘာဝအန္တရာယ် မကြုံတွေ့ရပါ။

(စ) ကျား-မ ရေးရာ

စိုင်နိုင်ကြီးကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း ရပ်ရွာ၏အရေးပါသော ကိစ္စရပ်များတွင် ဦးဆောင်စီမံမှု အားနည်းနေပါသည်။ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်၊ ပျိုးနုတ်ခြင်းများခြင်းများ လုပ်ကိုင်ကြပါ

သည်။ ဘာသာရေးပွဲတော်များ၊ လူမှုရေးကိစ္စရပ်များတွင် အမျိုးသားများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးကိစ္စများတွင် တက်ကြွဝင်စွာ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် အသင့်အတင့်သာရှိပါသည်။ လူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းပြီးဆုံးချိန်တွင် အခြားအလုပ်အကိုင် အခွင့်အလမ်းများ လုပ်ကိုင်နိုင်ရန်အတွက်မူ အသက်မွေးဝမ်းကျောင်းပညာများ လိုအပ်နေပါသေးသည်။ အားလပ်ချိန်များတွင် စာကြည့်တိုက်မရှိခြင်း၊ ဘောလုံးကွင်းကဲ့သို့သော အားကစားပြုလုပ်ရန် ဘောလုံးကွင်း မရှိခြင်းတို့ကြောင့် အားလပ်ချိန်များတွင် မိုဘိုင်းဖုန်းသုံးစွဲမှု များလာပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာအုပ်စု၊ စိုင်နိုင်ကြီးကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အဆောက်အဦး	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၁
၂	အဆောက်အဦး	စက်ရေတွင်းတူးဖော်ခြင်း	၂
၃	စိုက်ပျိုးရေး	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်း ဖွင့်လှစ်ခြင်း	၃
၄	ပညာရေး	အထက်တန်းကျောင်း အဆင့်ရရှိရေး	၄
၅	ဗဟုသုတ	လူငယ်လူရွယ်များ အလုပ်အကိုင်ရရှိရေး	၅

ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာအုပ်စု၊ စိုင်နိုင်ကြီးကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၁	Â				
၂	စက်ရေတွင်းတူးဖော်ခြင်း	၂		Â			
၃	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်း ဖွင့်လှစ်ခြင်း	၃			Â		
၄	အထက်တန်းကျောင်းအဆင့်ရရှိရေး	၄				Â	
၅	လူငယ်လူရွယ်များ အလုပ်အကိုင်ရရှိရေး	၅					Â

ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာအုပ်စု၊ စိုင်နိုင်လေးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ရွာတွင်းလမ်းသွားလာရခက်ခဲခြင်း	မိုးရာသီတွင် သွားလာရာ ရွာတွင်းလမ်းမကောင်းခြင်း	အမာခံလမ်းရှိခြင်း	ရန်ပုံငွေမလုံလောက်ခြင်း	ကျေးရွာမှသက်ဆိုင်ရာ ဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကွန်ကရစ်လမ်းခင်းခြင်း
၂	သန့်ရှင်းသောသောက်သုံးရေမလုံလောက်ခြင်း	သောက်သုံးရေလုံလောက်မှုမရှိခြင်း	ရေထွက်နိုင်သည့် မြေနေရာရှိခြင်း	ငွေအင်အားနည်းပါးခြင်း	ကျေးရွာမှသက်ဆိုင်ရာ ဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စက်ရေတွင်းတူးဖော်ခြင်း
၃	သီးနှံထွက်နှုန်းမကောင်းခြင်း	သီးနှံစျေးကောင်းမရခြင်း၊ သီးနှံအထွက်နှုန်းမကောင်းခြင်း	စိုက်ပျိုးမြေရှိခြင်း၊ မြေဆီလွှာကောင်းခြင်း	ပိုးမွှားအန္တရာယ် ကျရောက်ခြင်း၊ ရာသီဥတုမမှန်ခြင်း	စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စိုက်ပျိုးရေးပညာရှင်များအကူအညီဖြင့် သင်တန်းဖွင့်လှစ် အသိပညာပေးခြင်း
၄	ကျောင်းသားနှင့် ကျောင်းသားမိဘအထက်တန်းပညာသင်ကြားရေးအတွက် အဆင်မပြေခြင်း	ကျောင်းသူ/သား မိဘစီးပွားရေး အဆင်မပြေခြင်း	အစိုးရအလယ်တန်းကျောင်းရရှိထားခြင်း	ရန်ပုံငွေမလုံလောက်ခြင်း	ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အထက်တန်းကျောင်းပညာရေးရရှိရန်
၅	လုပ်ငန်းခွင်စိတ်ဝင်စားမှုမရှိခြင်း	အလုပ်လုပ်ရန် စိတ်ပါဝင်စားသူ နည်းပါးခြင်း	အတန်းပညာရှိခြင်း	အလုပ်အကိုင်အခွင့်လမ်းမရရှိခြင်း	ကျေးရွာမှ သက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လူငယ်လူရွယ်များ အလုပ်အကိုင် ရရှိစေရန်

ဝက်လက်မြို့နယ် ၊ စိုင်နိုင်ကြီးကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း	၁၀	၁၀	၁၀	၁၀	၉	၈	၉	၁၀	၉	၁၀	၉၅
၂	စက်ရေတွင်းတူးဖော်ခြင်း	၈	၉	၁၀	၁၀	၉	၇	၁၀	၈	၁၀	၇	၈၈
၃	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာသင်တန်းဖွင့်လှစ်ခြင်း	၇	၅	၁၀	၆	၈	၉	၁၀	၇	၅	၈	၇၅
၄	အထက်တန်းကျောင်းအဆင့်ရရှိရေး	၃	၅	၇	၄	၂	၈	၃	၅	၄	၃	၄၄
၅	လူငယ်လူရွယ်များ အလုပ်အကိုင်ရရှိရေး	၂	၃	၇	၄	၃	၅	၆	၂	၃	၂	၃၇

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၁၃	၂၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၇	၄၄	၇၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၁	၆၆	၁၀၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၇၆	၇၄	၁၅၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၉၉၉	၁၁၀၁	၂၁၀၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈၅	၁၅၃	၂၃၈
စုစုပေါင်း		**၁၂၃၈**	**၁၄၅၁**	**၂၆၈၉**
စုစုပေါင်း အိမ်ထောင်စု		**၇၅၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စိုင်နိုင်ကြီးကျေးရွာသည် အသက်အဝိုင်းအခြားအလိုက်သတ်မှတ် လူဦးရေများပြားခြင်း ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် များပြားမှုကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်က အလုပ်အကိုင်		အိမ်က ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၅၀			မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၀၀			မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐

	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း/ ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ တစ်အိမ်ထောင်ချင်းစီ သတင်းအချက်အလက်များ ကောက်ယူရာတွင် အချို့အိမ်ထောင်စုများမှာ အလုပ်အကိုင်တိကျစွာ မဖော်ပြနိုင်သော အိမ်ထောင်စုများရှိပါသည်။ ကျပန်းလုပ်ကိုင်ကြပြီး ထိုသူများအတွက် အခြားအလုပ်အကိုင်အခွင့်အလမ်းအတွက် အတတ်ပညာသင်ကြားရန် ငွေကြေးအခက်အခဲရှိသည်ကို တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန္ဓာန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၄၀၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၅၀၀၀	၆၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ **လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ပုတ်ပြတ်အနေဖြင့်လုပ်ကိုင်ကြပါသည်။ အလုပ်ပြီးမှုအလိုက် လုပ်အားခရပြီး ကျား-အမြင့်ဆုံး ၈၀၀၀/၊ အနိမ့် ၅၀၀၀/နှင့် မ- အမြင့်ဆုံး ၅၀၀၀/၊ အနိမ့် ၃၀၀၀/အထိ ရရှိကြောင်း တွေ့ရှိရပါသည်။**

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၉၉၆	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၉၉၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် စားကျက်မြေ၊ မြေလွတ်မြေလပ်များမရှိဘဲ လယ်မြေ များသာရှိပါသည်။ နွေစပါး၊ မိုးစပါးများကို နှစ်စဉ်စိုက်ပျိုးခြင်း၊ နှမ်းစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြသည်။ မြေဆီလွှာအသုံးပြုခြင်းများပြီး အရည်အသွေး အသင့်အတင့် ရှိသည်ကို တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာပတ်ဝန်းကျင်တွင် လယ်မြေများသာရှိပြီး ခါတ်သတ္တု နှင့် အခြားသဘာဝအရင်းအမြစ်များမရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂ဧကအထက်	၅ဧကအထက်	၅ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး/အုတ်ကာ (၂)ထပ်	သွပ်မိုး	သွပ်မိုး၊ ထရံကာ	သက္ကယ်မိုး၊ ထရံကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်	လက်တွန်းထွန်စက်	-	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ	လက်လုပ်လက်စား
အိမ်ထောင်စု	၃၅၀	၂၃၀	၁၅၀	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် ဥစ္စာဓနအဆင့်(၄)ဖြင့် သတ်မှတ်ဖော်ထုတ်ထား ပါသည်။ အဆင့်(၁)မှာ (၃၅၀)ဦး၊ အဆင့်(၂)မှာ (၂၃၀)ဦး၊ အဆင့်(၃)မှာ (၁၅၀)ဦး၊ အဆင့်(၄)မှာ (၂၀)ဦး ဟူ၍ ခွဲခြားထားပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၅၀	အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = စာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးကိုလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေလုံးဝမရှိသောကြောင့် ဖြစ်သည်။ အခြားသောဒေသအသီးသီးကို သွားရောက်လုပ်ကိုင်ခြင်းမရှိပါ။ ကျေးရွာ၏ လယ်ယာမြေစိုက်ပျိုးရေးဌ အခြားဝင်ငွေရလုပ်ငန်းများကိုသာ လုပ်ကိုင်ကြခြင်းကို တွေ့ရှိရပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် အများအားဖြင့် စီးပွားရေး၊ လူမှုရေး အသင့်အတင့်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်း၊ ထိခိုက်သက်ရောက်လွယ်မှု နိမ့်ပါးခြင်းနှင့် မရှိခြင်းကို တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်လွယ်သည့် အခြေအနေနှင့် ထိခိုက်လွယ်သူများအနေအထားသည် သာမန်အားဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်သော အကျိုးဆက်များနှင့် သဘာဝဘေးအန္တရာယ် နှင့် ဆက်သွယ်သည့်ထက် လူမှုရေး၊ စီးပွားရေး အနေအထားကြောင့် ထိခိုက်သည့်အနေအထားအဖြစ် တွေ့ရ သည်။ လူငယ်များအနေနှင့် သောက်စားမူးယစ်သွားလာခြင်းမှလည်း ထိခိုက်လွယ်မှု အနည်းငယ်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☐ ၂☐ ၃☑				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၂	ကျောင်း ကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လမ်း ကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	မီးကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	လူမှုကူညီ ရေး	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအခြေပြုအဖွဲ့အစည်းများတွင် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး အခြေခံဖြင့် မျိုးစုံသော အဖွဲ့အစည်းများ စုစုပေါင်း(၅)ဖွဲ့ထိရှိကာအများစုမှာ စွမ်းဆောင်မှုအား အသင့်အတင့် ရှိကြောင်း ဖော်ပြထားပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	မြကျွန်းသာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	မဟာမိတ်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃	ပတ်မြန်မာ	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄	Topone	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** - Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် ငွေကြေးနှင့်သက်ဆိုင်၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း (၄)မျိုးရှိကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၅၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၈၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၇၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၇၅၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် မြေယာပိုင်ဆိုင်မှုများပြားပြီး ကျပန်းလုပ်ကိုင်သူ မြေယာမဲ့နည်းပါးသည်ကို ဖော်ပြထားပါသည်။ ကျန်အဆင်မပြေ အိမ်ထောင်စုများသည် လယ်မြေကေ နည်းပါးခြင်းနှင့် စိုက်ပျိုးရေးတွင် နေ့စား ၊ပုတ်ပြတ်များ လုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ကေ)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၂၉၉၆	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☑ မရှိ☐ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရ☐မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာ၏ လယ်ယာမြေများမှာ ဆည်ရေသောက်ဖြစ်ပါသောကြောင့် တနှစ်ပတ်လုံး ရေလုံလောက်မှုရှိသည်ကို တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၂၉၉၆	တင်း	၅၀	၈၀	၇၀	၇လ	၁၀လ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
နှမ်း	၂၀၀၀	တင်း	၁၀	၂၀	၁၅	၄လ	၇လ	မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာသည် အဓိကသီးနှံစပါးကို စိုက်ပျိုးကြပြီး နှမ်းလည်း အသင့်အတင့်စိုက်ပျိုးကြပါသည်။ ရာသီဥတုအခြေအနေပေါ်မူတည်၍ ထွက်နှုန်းပြောင်းလဲမှုများဖြစ်ပေါ်နိုင် ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၄			
လက်တွန်းထွန်စက်	၃၀၀			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၂			
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လှေ့လာတွေ့ရှိချက်။ ။စပါးစိုက်ပျိုး/ရိတ်သိမ်းချိန်များတွင်ကိုယ်ပိုင်မရှိသူများသည် ပုဂ္ဂလိက လက်တွန်းထွန်စက်/ ရိတ်သိမ်းခြွေလှေ့စက်များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☑ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐** **သီးနှံများကို ရောင်းချနိုင်သည် ☐ မဖြေဆိုပါ ☑**

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာ၏ သီးနှံထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းကောင်း များမှာ အသင့်အတင့်အနေအထေားနှင့် အခြေအနေကောင်းများရှိသည်ကို တွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☑** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☑** **သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐**

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
	မဖြေဆိုပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ** ☐ **အသင့်အတင့်ကျ** ☑ **အနည်းငယ်** ☐ **မဖြေဆိုပါ** ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာသည် သီးနှံထုတ်လုပ်မှုအတွက် ကြီးမားသော ပြဿနာနှင့် အခက်အခဲမရှိပါ။ လယ်ယာမြေအသုံးနိုင်မှုတွင် လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်းသာ ရှိကြောင်းတွေ့ရှိရပါ သည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၅၀	၁၀၀
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး		
ဝက်	၂၀	၄၅
ကြက်	၁၀	၅၀
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုင်နိုင်ကြီးကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးသာရှိပြီး ငါးမွေးမြူရေးလုပ်ငန်း မရှိကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

